စီရင်ဆုံးဖြတ်ခွင့်ရ
အကျဉ်းချုပ်

ဩဂုတ် ၂၀၁၃

# မြန်မာနိုင်ငံတွင်းရှိ မူဆလင် ဆန့်ကျင်ရေး အကြမ်းဖက်မှု ပုံစံများ

## ကာကွယ်တားဆီးမှု နှင့် တာဝန်ခံမှုအပေါ် ခေါ်ဆိုခြင်းတစ်ရပ်

PHR
Physicians for Human Rights



*မြန်မာနိုင်ငံ၊စစ်တွေမြို့၏မြို့စွန်မှအိုးအိမ်စွန့်ခွာခဲ့ကြရသူဒုက္ခသည်စခန်းတခုမှမိခင်တစ်ဦးသည်ကလေးများနှင့်အတူသူမ၏မိုးကာတဲမှအပြင်သို့ကြည့်နေစဉ်။*
*Photo: Paula Bronstein/Gerry Images*



ရခိုင်ပြည်နယ်၊မင်းပြားမြို့ရှိရွာတစ်ရွာမှမှုဆလင် ရိုဟင်ဂျာအမျိုးသားတစ်ဦးမှမီးလောင်သွားသော သူ့အိမ်တွင်ထိုင်နေစဉ်၊အောက်တိုဘာ ၂၈၊၂၀၁၂
Photo: Than WIN/AFP/Getty Images

မြန်မာ့စစ်အစိုးရဟောင်းများကိုလွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းနှင့် များမကြာသေးမီကဖြစ်သော အကြမ်းဖက်မှု လိုင်းသစ်ဖြစ်ရပ်မှသည်အတိတ်မှဖြစ်မှုများအပေါ် သင့်တင့်လျောက်ပတ်စွာ ချက်ချင်းတုန့်ပြန်ဖြေရှင်းမှုပြုရုံသာမက အကြမ်ဖက်မှုကျယ်ပြန့် ပြင်းထန်လာနေမှုအပေါ်ထိန်းချုပ်မှုချက်ချင်းပြုလုပ်ရန်တောင်းဆိုနေသည်။ မြန်မာပြည်သူတစ်ရပ်လုံးသည်လည်း အမုန်းပွားစေသောမိန့်ခွန်းများ နှင့် လွတ်ငြိမ်းချမ်းသာခွင့်ရရှိနေမှုအပေါ်တိုက်ဖျက်ခြေမှုန်းဖို့ရန် နိုင်ငံတကာစံချိန်စံညွှန်းအတွင်း မှ ထိရောက်ပြတ်သားသောလုပ်ရပ်များလုပ်ဆောင်ရန် ထိုက်တန်ပေသည်။

နိုင်ငံတကာရပ်ကွက်မှသည်လည်း များမကြာသေးမီမှ မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအချို့ကြောင့် အစိုးရနှင့်ထိတ်တိုက်ရင်ဆိုင်ပြောဆိုမှုကိုမဝန်လေးသင့်ပေ။ အကြမ်းဖက်မှုရပ်တန့်ဖို့ရန် စိတ်အားထက်သန်နေသူများအားလုံးအဖို့ အဆိုးဆုံးသော မြန်မာနိုင်ငံ၏သာဓကေဖြစ်သည့်လွတ်ငြိမ်းချမ်းသာခွင့်ရနေခြင်းနှင့် ပြည်သူများကိုလှုံ့ဆော်နိုင်သော နိုင်ငံရေးခေါင်းဆောင်များမှ ရင်ဆိုင်ဖြေရှင်းပေးမှု မရှိသောပြစ်မှုများ နှင့် အလွန်ကြမ်းကြုပ်ရက်စက်မှုလုပ်ရပ်ကဲ့သို့အလားအလာရှိသော အရေးပေါ်သတိပေး အချက်ပြမှု များကို ရှုမြင်သင့်သည်။

PHR

Physicians for Human Rights

## စီရင်ဆုံးဖြတ်ခွင့်ရ

## အကျဉ်းချုပ်

မြန်မာနိုင်ငံ(ရှုံးသုံးအခေါ်အဝေါ်အရပြည်ထောင်စုမြန်မာနိုင်ငံတော်) ရှိတိုင်းရင်းသားများ နှင့် အခြားသောလူနည်းစုများအပေါ်နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုလုပ်ရပ်သည်နိုင်ငံ၏လွန်ခဲ့သောအချို့သောဆယ်စုနှစ်တစ်စုများ၏ သမိုင်းဝင် အမှတ်အသားများအဖြစ်ရှိခဲ့သည်။ မြန်မာ့စစ်အစိုးရဟောင်းလက်ထက်တွင်တိုင်းရင်းသားများအပေါ် ပြစ်မှတ်ထား၍အတင်းအဓမ လုပ်အားပေးစေခိုင်းမှု၊ လိင်ပိုင်းဆိုင်ရာအကြမ်ဖက်မှုနှင့် အခြားပြင်းထန်သောပြစ်မှုများအား ပုံမှန်ပြုလုပ်ကျင့်သုံးခဲ့သည်။ ယခုလက်ရှိနည်းစနစ်အရ ဒီမိုကရေစီအစိုရလက်ထက်တွင်ပစ်ပယ်ခံထားရသောအဖွဲ့ များအပေါ်အကြမ်ဖက်မှု မကြုံစဖူးအဆင့်ထိကျယ်ပြန့်ခဲ့ပြီး မြန်မာနိုင်ငံအနှံ့အပြားရှိမူဆလင်များနှင့် ရိုဟင်ဂျာများမှ ၄င်းအကြမ်းဖက်မှုဖြစ်ရပ်သစ်နှင့်ရင်ဆိုင်ကြုံတွေ့နေရသည်။နိုင်ငံသားဖြစ်ခွင့်ငြင်းပယ်ခံထားရသည့်အပြင်မြန်မာလူ့အဖွဲ့အစည်းမှဖယ်ထုတ်ခံထားရသော မူဆလင်အဖွဲ့တစ်ဖွဲ့ဖြစ်သည့် ရိုဟင်ဂျာများအပေါ်အကြမ်းဖက်မှုနှင့်ဖိစီးနှိပ်စက်မှုသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိအခြားသော မူဆလင်များအထိကရက်ရိုက်ခတ်ခဲ့သည်။ စိုးရိမ်ဖွယ် လူ့အခွင့်အရေးချိုးဖေါက်မှုနှင့် မူဆလင်ဆန့်ကျင်ရေး အကြမ်ဖက်မှု၏ ရလဒ်သည် အိုးအိမ် စွန့်ခွာခဲ့ကြရသူဒုက္ခသည်လူဦးရေ ၂၅၀,၀၀၀ နီးပါးရှိပြီး အိမ်ခြေနှင့် ဗလီ အပါ အဝင် ၁၀,၀၀၀ အထက်နှင့်ဘုန်းကြီးကျောင်း တစ်ဒါဇင်မျှပျက်စီးခဲ့သည်။

ဆက်တိုက်ဖြစ်ပွားနေသောအကြမ်းဖက်မှု ဂရက်ရိုက်ခတ်မှုများသည် အစိုးရမှပြစ်ဒဏ်ခတ်ခြင်းမရှိသည့်အပေါ်တွင်များစွာမူတည်သည်။မြန်မာအစိုရ၏၄င်းပြည်သူများအပေါ်ကာကွယ်ပေးမှုနှင့်ရဲတပ်အရာရှိများမှ ကျူးလွန်သောလူ့အခွင့်အရေးချိုးဖောက်မှုများကိုဖြေရှင်းခြင်းအပါ် ပျက်ကွက်နေမှုသည်စစ်အစိုးရသောစနစ်မှ နိုင်ငံသားတိုင်း၏အခွင့်အရေးများနှင့် အသံကို အလေးထားကာကွယ်ပေးသောဒီမိုကရေစီနိုင်ငံသိုကူးပြောင်းနေသောလမ်းကြောင်းအဖို့ကြီးမားသောအဟန့်အတားများသာဖြစ်သည်။

အဆိုးရွားဆုံးနှင့် စိုးရိမ်ဖွယ်ရာဖြစ်သော မူဆလင်ဆန့်ကျင်ရေးအကြမ်းဖက်မှုသာဓက တစ်ရပ်မှာ မတ်လ၊၂၀၁၃ တွင် မြန်မာနိုင်ငံ အလယ်ပိုင်း၊ မိတ္ထီလာမြို့ရှိ မူဆလင်ကျောင်းသားများ၊ ဆရာများနှင့် ရပ်ကွက်သူ၊ ရပ်ကွက်သား အမြောက်အမြားအသတ်ခံရသောဖြစ်ရပ်သာ ဖြစ်သည်။ လူ့အခွင့်အရေးဆိုင်ရာ ဆရာဝန်များ အဖွဲ့ (PHR) မှ ၄င်းသတ်ဖြတ်မှုအခင်း ဖြစ်ပွားရာသို့ နက်နဲသောစုံစမ်းမေးမြန်းမှုများပြုလုပ်ပြီး မေလ၊၂၀၁၃ တွင် အစီရင်ခံ စာကို ထုတ်ပြန်ခဲ့ သည်။ ဤအစီရင်ခံစာတွင် PHR မှတနိုင်ငံလုံး အတိုင်အတာအရအစွန်းရောက်အကြမ်းဖက်မှု သာဓကများ၊ တနိုင်ငံလုံရှိ အကြမ်ဖက်မှုဖြစ်ပွားရာနေရာများမှ စံနမူနာများကိုတိုင်းတာခြင်းများပြုလုပ်ပြီး ၄င်းမှ တိုက်ခိုက်မှုကိုဖြစ်ပွားစေသောလူမျိုးခွဲခြား ဆက်ဆံရေးဝါဒနှင့်အမုန်းပွားစေသောမိန့်ခွန်း များကို အစိုးရမှ မှန်ကန်စွာဖြေရှင်းမှုပျက်ကွက် နေခြင်းအပေါ်တိုင်တာဖေါ်ပြ နေသည်။ များမကြာမီကဖြစ်ပွားခဲ့သော အကြမ်းဖက်မှု နောက်ကွယ်မှ အရင်းခံနှင့် အဖွဲ့အစည်း၏အချက်အလက်နှင့်ပတ်သက်၍ဖေါ်ထုတ်ရန်လွတ်လပ်သောကော်မရှင်တစ်ရပ်မှ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန်လိုအပ်သည်။

အကြမ်းဖက်မှုနှင့် ဘာသာရေးအမုန်းပွားမှုရေစီးကြောင်း မြင့်တက်နေမှုကိုရပ်တန့်နိုင်ဖို့အဖြေရှာရန် မလွယ်ကူပေ။ မတူညီကွဲပြားမှုအပေါ်သဘောထားသေးသိမ်မှုနှင့်မူဆလင်ဆန့်ကျင်ရေး၊ မုန်းတီးမှုအပြင် မရေတွက်နိုင်သောအစိုရ ၏အခြားအပယ်ခံလူ့အဖွဲ့အစည်းများအပေါ်အမြတ်ထုတ်မှုများကို မည်ကဲ့သို့ကိုင်တွယ် သင့်သည်မှာမြန်မာနိုင်ငံသားများအဖို့  ကြီးလေးသည့်တာဝန်သာ ဖြစ်သည်။ ပြည်သူများကို အကြမ်းဖက်မှုလုပ်ရပ်မှ အသေအချာကာကွယ် ပေးရေး၊ ပြစ်မှုကျူးလွန်သူများ အပေါ်စစ်ဆေးမှု ပြုခြင်း၊ ဖမ်းဆီးမှုပြုလုပ်ခြင်နှင့်ပွင်လင်းမြင်သာ၍ တရားမျှတမှုရှိသော တရား စွဲဆိုခြင်းနှင့်စီရင်မှုပြုလုပ်ခြင်းကိစ္စရပ်များသည်အစိုရ၏အဓိကတာဝန်အရှိဆုံးဖြစ်သည်။ အစွန်းရောက်အကြမ်းဖက်မှု အဓိကရုဏ်းဖြစ်နေစဉ်ခိုက် ဖမ်းဆီးမှုအချို့ရှိနေခဲ့သည်ကို ဤအစီရင်ခံစာတွင်အတိအလင်းဖေါ်ပြထားသည်အတိုင်း အစိုးရမှတစ်ဦးချင်၏ဖေါက်ဖျက်ကျူးလွန်မှုကိုသာ တုန့်ပြန်မှုမပြုပဲ ပြည်သူလူထုတစ်ရပ်လုံး၏အခွင့်အရေးကိုကာကွယ်ပေးနိုင်သောလက်သင့်ခံမှုနှင့် သည်းခံခြင်းအဝန်းအဝိုင်းကိုပိုမို အထောက်အကူပြုသင့်သည်။

မတူညီကွဲပြာသောတိုင်းရင်း သားများအပေါ်လေးစားဂရုပြုမှုရှိသည့် အကြမ်းဖက်မှုပပြောက်ရေး ခိုင်မာသောအဖြေ ရှာမှုများ ပြုလုပ်ရန်အတွက်မြန်မာနိုင်ငံအစိုရ ၌တာဝန်ရှိသည်။ အတည်တကျ သတ်မှတ်ဖယ်ရှားပစ်မှုနှင့် ခွဲခြားမှုသည်စက်ဆုပ်ရွံရှာဖွယ်နှင့် ခိုင်မာမှုမရှိသောတုန့်ပြန်မှုဖြစ်ပြီး၄င်းမှအကြမ်းဖက်ဖြစ်ရပ်ကြောင့်သို့မဟုတ် ဖိစီးနှိပ်စက်မှုကြောင့်အိုးအိမ် စွန့်ခွာခဲ့ကြရသူဒုက္ခသည်များ အပေါ်ယူကျုံးမရသောအကျိုးဆက်များစွာရှိသည်။

PHR သည် ၂၀၀၄ ခုနှစ် မှ ၂၀၁၃ ခုနှစ် အကြားသီးခြားစုံးစမ်းမေးမြန်းမှုရှစ်ခုကို မြန်မာနိုင်ငံတွင်းနှင့်၄င်း၏အိမ်နီးချင်းနိုင်ငံများတွင်ပြုလုပ်ခဲ့သည်။ PHR ၏ နောက်ဆုံး ၂၀၁၃ နှစ်ဦးပိုင်းကွင်းဆင်းလေ့လားမှုအရလူနည်းစုများအပေါ်နည်းမျိုးစုံဖြင့်အကြမ်းဖက်မှုလုပ်ရပ်နှင့်၄င်းကဲ့သို့သောကျူးလွန်မှုများလွတ်ငြိမ်းချမ်းသာခွင့်ရနေခြင်းဖြစ်ရပ်များအပေါ်ထပ်မံအာရုံစိုက်မှုလိုအပ်နေသည်ကို၄င်းမှတိုင်းတာဖေါ်ပြနေသည်။ ဤအစီရင်ခံစာတွင်းရှိအချက်အလက်များသည် မြန်မာနိုင်ငံတွင်းရက်ပေါင်း၂၁ရက်နှင့်နှစ်ကြိမ်တိုင်ကွင်းဆင်းလေ့လာမှုပြုလုပ်ခဲ့သည်။ ကွင်းဆင်းစုံစမ်းလေ့လာသည့်PHR အသင်းတွင် PHRမှ အရေးပေါ်အခြေအနေကိုင်တွယ်ရေးဒါရိုက်တာ Richard Sollom (MA၊ MPH)၊ လူ့အခွင့်အရေးဆိုင်ရာ အစီအစဉ်ဒါရိုက်တာ၊ သိနတောင်ကမ္ဘာတစ်ဝှမ်းကျန်းမာရေးအဖွဲ့၊အီခန်ဆေးဘက်ဆိုင်ရာကျောင်း၊ဆေးဝါးဌာနလက်ထောက်ပါမောက္ခ၊ဆေးဘက်ဆိုင်ရာစေတနာ့အကြံပေးဝန်ထမ်း နှင့် PHR ဥက္ကဋ္ဌဟောင်းဖြစ်သော Holly Atkinson (MD,FACP) နှင့် PHR မှမြန်မာ့အရေးကျွမ်းကျင်သူ Bill Davis (MPH) တို့ပါဝင်သည်။

မြန်မာနိုင်ငံအစိုရ၊ လူမှုအဖွဲ့အစည်းခေါင်းဆောင်များနှင့် နိုင်ငံတကာရပ်ကွက်မှ မူဆလင် အကြမ်းဖက်မှုဆန့်ကျင်ရေးရပ်တန့်ဖို့ရန် ချက်ချင်းဆောင်ရွက်သင့်သည်။ မြန်မာနိုင်ငံအနှံ့ အဟန့်အတားမရှိအကြမ်းဖက်မှုပျံ့နှံ့မှုသည်စိုးရိမ်ဖွယ်ရာနောင်အကြမ်းဖက်မှုကိုတိုင်းတာဖော်ပြနေသည်။ မိမိတို့မှမျက်မြင်သက်သေများဖြင့်ဖေါ်ပြခဲ့ပြီးသည့်အတိုင်၄င်းအရိပ်လက္ခဏာများသည်စိုးရွားသောနောင်အကြမ်းဖက်မှု၊လူသားချင်းစာနာမှုဆိုင်ရာပြစ်မှုကျူးလွန်မှု နှင့် လူမျိုးတုန်းသတ်ဖြတ်မှုအလားအလာရှိသည်။ အကယ်၍ဤဖြစ်ရပ်ကိုအဟန့်အတားမဲ့ထားလျှင် ၄င်းပေါင်းစပ်မှုသည်မြန်မာနိုင်ငံတွင်းအရင်ကမကြုံဖူးသေးသောအလွန့်အလွန်ရက်စက်ကြမ်းကြုပ်မှု လုပ်ရပ်ထုပမာဏတစ်ခုသို့ ဦးတည်သွားနိုင်သည်။

# မူဝါဒဆိုင်ရာအကြံပြုချက်များ

မြန်မာနိုင်ငံတွင်းရှိတိုင်းရင်းသားလူနည်းစုများနှင့် မူဆလင်များအစွန်းရောက်ဖိစီးနှိပ်စက်ခံရမှု မှတ်တမ်းတင်ရာတွင်မကြာခဏဆိုသလိုဗုဒ္ဓဘာသာဝင်ခေါင်းဆောင်အချို့များမှတွန်းအားပေးမှုရှိခဲ့ပြီး၊ PHR မှ ခေါင်းဆောင်ပိုင်း နှင့်တရားဥပဒေစိုးမိုးရေး၌ဤပြစ်မှုများအပေါ်အစုလိုက်တာဝန်ယူမှုထက်တစ်ဦးချင်းတာဝန်ယူမှုအဖြစ်မှတ်ယူဆောင်ရွက်သွားဖို့ရန်တွန်းအားပေးလိုသောရည်ရွယ်ချက်ဖြင့် ဤအစီရင်ခံစာကိုပုံနှိပ်ရခြင်းဖြစ်သည်။ အကြမ်းဖက်မှုသံသရာစက်ဝန်းနှင့်လက်တုံ့ပြန်မှုရပ်တန့်ရေး၊ အပြန်အလှန်လက်သင့်ခံမှုနှင့် လူသားအားလုံး၏အခွင့်အရေးများကို လေးစားလိုက်နာမှုအတွက်အတူတကွပူးပေါင်းဆောင်ရွက်သွားဖို့ရန်မိမိတို့မှမြန်မာနိုင်ငံရှိဘာသာပေါင်းစုံနှင့်တိုင်းရင်းသားပေါင်စုံမှ ခေါင်း ဆောင်များသို့တိုက်တွန်းလိုသည်။ အထူးအဖြင့်မိမိတို့မှဤမလိုမုန်းထားမှုနှင့် ဘာသာရေးသို့မဟုတ် တိုင်းရင်းသားမုန်းတီးမှုအပေါ်ရဲရင့်စွာဟန့်တားပြောဆိုသူများနှင့်၄င်းတို့၏လူမှုအဖွဲ့အစည်းမှအားနွဲ့သူများအပေါ်ကာကွယ်ဖို့ရန်ရှေ့သို့ခြေလမ်းလှမ်းနေသူများအားလုံးအပေါ်အထူးချီးကျူးဂုဏ်ပြုလိုသည်။

မြန်မာနိုင်ငံတွင်းဖြစ်ပွားနေသော အကြမ်းဖက်မှုချက်ချင်းရပ်တန့်ဖို့ရန်နှင့်နိုင်ငံကိုအကြမ်းဖက်မှုမှပြန်လည်သင့်မြတ်ရေးဆီသို့ပြောင်းလဲရန်လိုအပ်နေသောလူမှုရေးအပြန်အလှန်ဆွေးနွေးမှုအပေါ်အထောက်အပံပေးရန် PHR မှ အောက်ပါအကြံပြုချက်များကိုချက်ချင်းအကောင်အထည်ဖေါ်ရန်အတွက် တိုက်တွန်းလိုသည်။


ယခင်ကအကောင်းရှိခဲ့သောဗလီမှအကြမ်းဖက်မှုအတွင်းအုတ်ကျိုးအုတ်ပဲ့များဖြင်မြင်ရစဉ် မိတ္ထီလာမြို့၊ မြန်မာနိုင်ငံ၊ မတ်လ၊ ၂၀၀၃၊ Photo: Richard Sollom

**မြန်မာနိုင်ငံအစိုးရထံသို့ -**

မြန်မာနိုင်ငံအစိုးရမှတရားမျှတ၍သိသာမြင်သာမှုရှိသည့်လုပ်နည်းလုပ်ထုံးများအပေါ်အကျိုးသက်ရောက်မှုရှိသည့် လွတ်လပ်သောတရားစီရင်မှုများနှင့်တာဝန်ခံမှုနည်းလမ်းများကို ဖန်တီးဖို့ရန်၊အရေးပါအရာရောက်သောတရားဝင်ပြုပြင်ပြောင်းလဲမှုများကိုတာဝန်ယူရမည်။မြန်မာနိုင်ငံ၏တရားစီရင်မှုနှင့်ဥပဒေပြဋ္ဌာန်းချက်များသည် ပြည်သူများကိုကာကွယ်ပေးမှုမရှိပဲ အစိုးရအာဏာပိုင်များကိုသာအထောက်အကူပြုအကာအကွယ်ပေးနေသည်မှာအလွန်ကြာမြင့်ခဲ့ပြီးဖြစ်သည်။ စစ်အစိုးရလက်ထက်ဟောင်းမှအလွန်ဆိုးရွားပြင်းထန်သောဥပဒေများ ယခုထိတိုင်အသုံးပြုနေဆဲဖြစ်ပြီး မြန်မာနိုင်ငံဥပဒေပြု အဖွဲ့မှ၄င်းဖိနှိပ်ချုပ်ချယ်၍ဆိုးရွားလှသောဥပဒေအလုံးစုံအားစစ်ဆေးပြုပြင်မှုများပြုလုပ်ပြီးနိုင်ငံတကာမှအသိအမှတ်ပြုသောစံနှင့်အညီထင်ဟပ်သည့်ဥပဒေကိုအစားထိုးဆောင်ရွက်သင့်သည်။ ဤမူကြမ်းရေးဆွဲရေးကိစ္စရပ်တွင်လူမှုအသင်းအဖွဲ့အစည်းများ၊ တိုင်းရင်းသာကိုယ် စားလှယ်များပါဝင်သင့်သည်။မြန်မာနိုင်ငံ၏တာဝန်ခံမှုပြဋ္ဌာန်းချက်များကိုပြန်လည်ပြုပြင်မွန်းမံဖို့ရန်အချိန်ကြာမြင့်စွာလုပ်ကိုင်ရန်လိုအပ်သော်လည်းမြန်မာနိုင်ငံအစိုးရမှအောက်ပါအသေးစိတ်အချက်များအားနှောင့်နှေးမှုမရှိဆောင်ရွက်နိုင်သည် -

- လူ့အခွင့်အရေးချိုးဖေါက်သူ သို့မဟုတ်ချိုးဖေါက်ခွင့်ပေးသောရဲတပ်ဖွဲ့အဖွဲ့ဝင်တိုင်းအပေါ် စုံစမ်းမေးမြန်းမှုနှင့် တရားစွဲဆိုမှုများပြုလုပ်ရန်နှင့် နိုင်ငံတွင်းရှိတာဝန်ခံမှုနည်းလမ်းများ တွင်ပြည်သူများကိုကာကွယ်ပေးမှုမရှိသောရဲတပ်ဖွဲ့များအားရာထူးမှရပ်ဆိုင်းခြင်း၊ အဆင့်လျှော့ချခြင်းသို့မဟုတ် ထိုက်သင့်သော ပြစ်ဒဏ်ချမှတ်ခြင်းများအားထည့်တွင်းသွားရန်။ ပွင့်လင်းမြင်သာမှုနည်းဟန်၌လူအခွင့်အရေးချိုးဖေါက်မှုများအတွင်းပါဝင်ကျူးလွန်နေသောအရာရှိမည်သူမဆိုတာဝန်မှရပ်ဆိုင်းဖို့နှင့် ရဲတပ်ဖွဲ့နှင့်လုံခြုံရေးတပ်ဖွဲ့ဖွဲ့စည်းတည်ဆောက်ပုံများကိုစစ်ဆေးရန်။
- နိုင်ငံတကာ သတ်မှတ်ချက်များနှင့်ကိုက်ညီမှုရှိစေရန် ၁၉၈၂ မြန်မာနိုင်ငံနိုင်ငံသားဆိုင်ရာဥပဒေကို လုံးလုံးလျားလျား ပြန်လည်သုံးသပ်ပြင်ဆင်ခြင်းပြုလုပ်ရန်နှင့် ၄င်းပြင်ဆင်ရေးဆွဲမှုဖြစ်စဉ်တွင်ရိုဟင်ဂျာလူမှုအဖွဲ့ဝင်များနှင့် အခြားလူနည်းစုဝင်များမှပါဝင်ရေးဆွဲရန်။
- လူသားချင်းစာနာမှုဆိုင်ရာ ကူညီထောက်ပံ့သောအဖွဲ့အစည်းများအားအနှောင်အဖွဲ့မရှိအိုးအိမ်စွန့်ခွာခဲ့ကြရသူဒုက္ခသည်များအားချက်ချင်းကူညီခွင့်ပြုရန်။
- အမုန်းပွားစေသော မိန့်ခွန်းပြောဆိုမှုများပပြောက်ရေးနှင့်အားနည်းသောတိုင်ရင်းသာနှင့်ဘာသာရေးအဖွဲ့များအပေါ်နည်းမျိုးစုံဖြင့်အကြမ်းဖက်မှုလုပ်ရပ်များကို တရားဝင် လူသိရှင်ကြားပြစ်တင်ရှုံ့ချရေး၊ပြည်တွင်းလှုံ့ဆော်မှုလုပ်ရပ်များတွင် ဦးဆောင်မှုပြုရန်။
- ၉၆၉ လှုပ်ရှားမှု နှင့် မူဆလင်ဆန့်ကျင်ရေးအကြမ်းဖက်မှုတွင်ပါဝင်ပတ်သက်နေသောအခြားအဖွဲ့အစည်းများအားစုံစမ်းမေးမြန်မှုအပေါ် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်သွားရန်။
- မြန်မာနိုင်ငံတွင်း ကမ္ဘာ့ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာမင်းကြီးရုံး၏ အစိုးရရုံးထူထောင်ရန်နှင့်နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းနှင့်အညီမြန်မာအစိုးရ၏ ကာကွယ်ပေးမှုစွမ်းရည် နှင့်ခိုင်မာသောသတင်းအချက်အလက်မှတ်တမ်းတင်ခြင်းများအားထောက်ပံဖို့အစီအစဉ်ရှိသည့်အတိုင်းရှေ့ဆက်သွားရန်။

- ရခိုင်ပြည်တွင် ကလေး၂ယောက်သာယူဖို့ဥပဒေသက်ဝင်အားပြင်းလာခြင်းကိုချက်ချင်းပြင်းပယ်ရန်နှင့်နိုင်ငံ၏ကလေးနှင့်မိသားစုရွေးချယ်မှုဆိုင်ရာပေါ်လစီများအားလုံးသည်မြန်မာနိုင်ငံ၏တရားဝင်လိုက်နာရန်ဝတ်တရားဖြစ်သည့်နိုင်ငံတကာစံသက်မှတ်ချက်ဖြစ်သော ကလေးအခွင့်အရေးများဆိုင်ရာနိုင်ငံတကာသဘောတူညီချက်နှင့်အမျိုးသမီးများအပေါ်နည်းပေါင်းစုံဖြင့် ခွဲခြားဖိနှိပ်ဆက်ဆံမှုအဆုံးသတ်စေရေးနိုင်ငံတကာသဘောတူညီချက်နှင့်အညီ ချမှတ်ရန်။
- အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့သည့် နေရာများသို့လူ့အခွင့်အရေးဆိုင်ရာ စုံစမ်းစစ်ဆေးသူများ၊ပြည်တွင်း၊ပြည်ပမှသတင်းစာဆရာများအားအနှောင်အဖွဲ့မရှိသွားလာခွင့်ပြုရန်။
- ရေရှည်တာဝန်ခံမှုရှိခြင်းကိုတိုးမြင့်ရန်အတွက်သီးသန့်အုပ်စုများအပေါ် ဖိနှိပ်ဆက်ဆံမှုရှိသောဥပဒေများကိုအသစ်ပြန်ရေးဆွဲရန်၊ရှေ့နေများနှင့်တရားသူကြီးများအား သင်တန်းများပို့ချရန်နှင့်ရဲတပ်ဖွဲ့များအားငင်းတို့၏တာဝန်များကိုကျွမ်းကျင်ပိုင်နိုင်စွာလုပ်ကိုင်နိုင်ရန်ဆောင်ရွက်မှုများပြုလုပ်ရန်နှင့်တရားခံများအားလုံအပေါ်တရားမျှတသောအမှုစစ်ဆေးခြင်းများရှိသည့်ပြုပြင်ပြောင်းလဲမှုများသို့ဦးတည်စေရန်။
- အခြေတည်စရှိသောမြန်မာနိုင်ငံ၏အမျိုးသားလူ့အခွင့်အရေးဆိုင်ရာကော်မရှင် (MNHRC) မှပိုမိုလွတ်လပ်၍ အမျိုးသားလူ့အခွင့်အရေး ဆိုင်ရာကော်မရှင်များ၏အနှစ်ချုပ်စံနှုန်းဖြစ်သောပဲရစ်မှုများအရလုပ်ငန်းလည်ပတ်မှုသေချာစေရန်အတွက်ဥပဒေပြဋ္ဌာန်းရန်။ MNHRC မှရခိုင်ပြည်တွင်းအကြမ်းဖက်မှုအပေါ်အကန့်အသတ်ဖြင့်စုံစမ်းမေးမြန်မှုကိုစတင်ဆောင်ရွက်ခဲ့သော်လည်းငင်း၏လုပ်ဆောင်မှုသည်အစိုးရမှတရားဝင်လွတ်လပ်မှုရှိမှသာအကျိုးသက်ရောက်မှုရှိမည်ဖြစ်သည်။
- ပျောက်ဆုံးနေသူများအား ရှာဖွေရန်နှင့် အိုးအိမ်စွန့်ခွာခဲ့ကြရသူဒုက္ခသည်များ မိသားစုပြန်လည်ပေါင်းစည်းရေးကိုဆောင်ရွက်ရန်။ လူသားချင်းစာနာမှုဆိုင်ရာကူညီထောက်ပံ့သောနိုင်ငံတကာအဖွဲ့အစည်းများနှင့်အတူတကွပူပေါင်းကြိုးပမ်းဆောင်ရွက်သွားရန်။
- ဆန္ဒအလျောက်ငင်းတို့၏ မူလလူအဖွဲ့အစည်းသို့ပြန်သောဒုက္ခသည်များအပေါ်လုံခြုံမှုအပြည့်အဝထောက်ပံရန်။
- အကြမ်းဖက်မှုကြောင့်ပျက်စီခဲ့ရသောကျောင်းများ၊ သာသနာ့တည်နေရာများ၊ အိမ်နှင့်အခြားအဆောက်အဦးများကိုပြန်လည်တည်ဆောက်ပေးရန်။

**မြန်မာနိုင်ငံရှိဒီမိုကရေစီခေါင်းဆောင်များထံသို့-**

မြန်မာနိုင်ငံဒီမိုကရေစီနှင့်လူ့အခွင့်အရေးတက် န
ကြွလှုပ်ရှားသူများမှဆယ်စုနှစ်များစွာစစ်အာဏာရှင်စနစ်နှင့်ဖိနှိပ်ချုပ်ချယ်မှုကိုဆန့်ကျင်သောလုပ်ရှားမှုကိုဦးဆောင်ခဲ့ပြီးငင်းကြိုးပမ်းမှုအပေါ်နိုင်ငံတကာရပ်ကွပ်မှအားပေးထောက်ခံမှုကိုအပြည့်အဝရရှိခဲ့သည်။ မြန်မာနိုင်ငံ၏နိုင်ငံရေးအတိုက်အခံအဖွဲ့မှပိုမိုလွတ်လပ်ပြီးနိုင်ငံတွင်းပိုမိုလွမ်းမိုးမှုရှိသောကြောင့်ဒီမိုကရေစီခေါင်းဆောင်များမှအကြမ်းဖက်မှုရပ်တန့်ရေးနှင့်လူနည်းစုများအပေါ်လေးနက်သောအကာအကွယ်ပေးရေးအတွက်နှိုး ဆော်သင့်သည်။

- ၉၆၉ အဖွဲ့ဝင်အချို့များ၏အမုန်ပွားစေသောမိန့်ခွန်းကိုအားပေးထောက်ခံမှုရှိနေသည့်အပေါ်ပယ်ချရန်နှင့်ပစ်မှတ်မည်သူမဆို အကြမ်းဖက်မှုကိုလက်မခံကြောင်းပြတ်သားသောစကားလုံးများဖြင့်ထုတ်ဖော်ပြောဆိုရန်။
- တရားမျှတမှု၊ ပွင့်လင်းမြင်သာရှိမှုနှင့်တိုင်းရင်းသားနှင့်ဘာသာရေးလူနည်းစုများအပေါ်ပစ်မှတ်ထား၍ကျူးလွန်သောပြစ်မှုများအတွက်အကျိုးသက်ရောက်မှုရှိသောတာဝန်ခံမှုလုပ်ထုံးလုပ်နည်းများအားထောက်ခံအားပေးထုတ်ဖော်ရန်။
- ပြန်လည်သင့်မြတ်ရေးနှင့် အာလုံးပါဝင်နိုင်သောလူမှုအဖွဲ့တည်ထောင်ခြင်းအားဖြင့် ရိုဟင်ဂျာများ၊မူဆလင်များနှင့်အခြားဘာသာရေးများနှင့်တိုင်းရင်းသားလူနည်းစုများအပေါ်အမုန်းပွားစေသောမိန့်ခွန်းများဖြင့်ဆန်ကျင်မှုအပေါ် တိတိကျကျဆန့်ကျင်တုန့်ပြန်ရန်။

**အမေရိကန်ပြည်ထောင်စုအစိုးရထံသို့-**

နစ်များစွာမြန်မာပြည်အပေါ်တင်းကျပ်သောဒဏ်ခတ်ပိတ်ဆို့မှုပြဋ္ဌာန်းပြီးနောက်၊အမေရိကန်ပြည်ထောင်စု(U.S) မှမြန်မာနိုင်ငံအစိုးရနှင့်ခောတ်သစ်တဖန်ဆက်စပ်မှုကိုစတင်ခဲ့သည်။ သတင်းပိုမိုလွတ်လပ်ခွင့်နှင့်နိုင်ငံရေးအကျဉ်းသားများအားလွတ်ပေးမှုစသည့်ပြုပြင်ပြောင်းလဲမှုများကိုက်ညီဖို့အမေရိကန်ပြည်ထောင်စုမှ ဒဏ်ခတ်ပိတ်ဆို့မှုတချို့ကိုလျှော့ချခဲ့သည်။ U.S အာဏာပိုင်များမှမြန်မာစစ်တပ်အားသင်တန်းပုံစံဖြင့်အထောက်အပံပေးရေးအတွက်စတင်တိုက်တွန်းနေပြီးဤကဲ့သိုဆက်စပ်မှုသည်မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲမှုကိုအကူအညီပေနိုင်မည်အဟုအခိုင်အမာပြောဆိုမှုများရှိနေသည်။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ဖွင့်ဖြိုးမှုသည်စစ်တပ်နှင့်ရဲတပ်ဖွဲ့များ၏အနာဂတ်အခန်းကဏ္ဍပေါ်တွင်များစွာမူတည်နေသည်။ ထို့ကြောင့် U.S အစိုးရမှ မြန်မာနိုင်ငံအစိုရဆောင်ရွက်ရမည့်ခိုင်မာသောအနက်ဖွင့်လမ်းပြမြေပုံသတ်မတ်ပြဋ္ဌာန်းချက်ကို လူသိရှင်ကြားချပြပြီးနောက် U.S အစိုးရမှတိကျသောတုန့်ပြန်မှုများအပေါ်ခွင့်ပြုရမည်။ အိုဘားမား အစိုးရမှ ကွန်ဂရက်သို့ ထိုထက်လုပ်ဆောင်ချက်မတိုင်မီ U.S အစိုးရ၏အကောင်အထည်ဖေါ်မှုအဆင့်တိုင်းအပေါ်တုန့်ပြန်မှုအစီရင်ခံစာကိုသင်ပြသင့်သည်။တာဝန်ခံမှုနှင့်စည်းစနစ်ကျသောစီစစ်မှုသည်(စုံစမ်းရေးကော်မရှင်နှင့်ချန်လုပ်ထားချက်ဥပဒေများအပါအဝင်) စစ်တပ်နှင့်ရဲတပ်ဖွဲ့နှင့်စပ်လျဉ်း၍အနာဂတ်ဆက်စပ်မှုအတွက်မရှိမဖြစ်သော အခြေခံလို အပ်ချက်များဖြစ်သည်။အများလက်ခံနိုင်သောတာဝန်ခံမှုအဆင့်ထိရှိမရှိကိုအဆုံးအဖြတ်ပေးရန်အတွက်စစ်တပ်သို့မဟုတ်ရဲတပ်ဖွဲ့ဝင်များမှ မှန်ကန်စွာ တာဝန်ခံမှုရှိမရှိကိုအမေရိကန်ပြည်ထောင်စုမှချင့်ချိန်သုံးသပ်သင့်သည်။ အမေရိကန်ပြည်ထောင်စုမှ-

- အမူဆလင်များနှင့်အခြားတိုင်းရင်းသား နှင့်ဘာသာရေးလူနည်းစုများအပေါ် အကြမ်းဖက်ဆန့်ကျင်သောဥပဒေများကိုတိကျစွာလူသိရှင်ကြားရှုတ်ချရန်။
- မြန်မာနိုင်ငံအစိုးရအား ပြစ်မှုကျူးလွန်သူများအပေါ်လွတ်လပ်ပြီးတရားမျှတမှုရှိသောနည်းလမ်းများနှင့်အညီတာဝန်ခံမှုပြုလုပ်ရေးအတွက်တိုက်တွန်းရန်။

# မူဝါဒဆိုင်ရာ အကြံပြုချက်များ

- မြန်မာအာဏာပိုင်များမှစစ်တပ်၊ရဲတပ်ဖွဲ့ဝင်များနှင့်အခြားလုံခြုံရေးတပ်ဖွဲ့ဝင်များမှချိုးဖောက်မှုများကို ဖြေရှင်းရန်အတွက်ယုံကြည် စိတ်ချရသောတာဝန်ခံမှုလုပ်ထုံးလုပ်နည်းများနှင့် ဥပဒေအတွင်းမှင်္ငင်းလူ့အခွင့်အရေးချိုးဖေါက်ကျူးလွန်သူများအပေါ်စီစစ်မှုမရှိမချင်းမြန်မာအစိုးရအပေါ်သင်တန်အပါအဝင်တစ်စုံတစ်ရာစစ်တပ်ရေးရာကူညီထောက်ပံ့မှုကို ရှောင်ကြဉ်ရန်။

- အထူးသဖြင့် U.S စီးပွားရေးလုပ်ငန်းများ မြန်မာပြည်တွင်း စတင်ရင်းနှီးမြှုပ်နှံမှု ရှိသည့်အတွက်မြန်မာနိုင်ငံအပေါ် U.S ၏ နိုင်ငံခြားရေးမူဝါဒချမှတ်ရာတွင်လူ့အခွင့်အရေးများ ကာကွယ မှုကို အဓိက ဦးစားပေးချမှတ်ရန်။

**ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာကောင်စီအဖွဲ့ဝင်များထံသို့-**

ဇွန်လ ၂၀၁၃တွင်လူ့အခွင့်အရေးဆိုင်ရာကောင်စီ မြန်မာနိုင်ငံတွင်းမူဆလင်ဆန့်ကျင်ရေးအကြမ်းဖက်မှုအပေါ်ရပ်တန့်ရန်နှင့်တာဝန်ခံမှုလုပ်ထုံးလုပ်နည်းများတည်ထောင်ရန်ခေါ်ဆိုသောအများသဘောတူသောသမ္မတသဘောထာထုတ်ပြန်ကြေငြာချက်တစ်ရပ်ကိုပြုစုခဲ့သည်။အကယ်၍မြန်မာနိုင်ငံမှင်္ငင်းသဘောထားထုတ်ပြန်ကြေငြာချက်တွင်ပါဝင်သောအကြံပြုချက်များပေါ်တွင်အခြေအနေတိုးတက်မှုမရှိပါကကောင်စီမှပြည်တွင်းမူဆလင်ဆန့်ကျင်ရေးအကြမ်းဖက်မှုအပေါ်လွတ်လပ်သောစုံစမ်းမေးမြန်းမှုတည်ထောင်ရန်အတွက်ဆုံးဖြတ်ချက်ချမှတ်သင့်သည်။ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာကောင်စီမှ-

- ၂၀၁၄မတ်လတွင် လုပ်ပိုင်ခွင့်ပြန်လည်သက်တမ်း တိုးရန်ရှိသောမြန်မာနိုင်ငံလူ့အခွင်အရေးဆိုင်ရာအထူးကိုယ်စားလှယ်၏ လုပ်ပိုင်ခွင့်ကိုပြန်လည်သက်တမ်းတိုးရန်။
- မြန်မာနိုင်ငံတွင်း မူဆလင် ဆန့်ကျင်ရေးအကြမ်းဖက်မှုအပေါ်လွတ်လပ်သောစုံစမ်းမေးမြန်းမှုတည်ထောင်ရန်ဆုံးဖြတ်ချက်ဖြစ်သောဇွန်လ ၂၀၁၃သမ္မတသဘောထားထုတ်ပြန်ကြေငြာချက်အပေါ်နောက်ဆက်တွဲ ဆောင်ရွက်ရန်နှင့်မြန်မာအစိုးရအားအထက်တွင်ဖေါ်ပြခဲ့ပြီးဖြစ်သောအကြံပြုချက်များအပေါ်ရှင်းလင်းသောသက်ရောက်မှုရှိရေးအတွက်တိုက်တွန်းရန်။

**အရှေ့တောင်အာရှနိုင်ငံများအသင်းအဖွဲ့ဝင်များထံသို့-**

မြန်မာနိုင်ငံအပါအဝင်ဖြစ်သောအရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) မှ အဖွဲ့ဝင်နိုင်ငံများ၏အခြေအနေများတွင် ကြားဝင်စွတ်ဖက်မှုကိုရှောင်ကြဉ်သည့်အစဉ်အလာရှိသည်။ မြန်မာနိုင်ငံအတွင်းရှိအကြမ်းဖက်မှု ဖြစ်ရပ်သည် ပြည်တွင်းကိစ္စ တစ်ခုတည်းသာမဟုတ်ပဲ ဒေသတစ်ခုလုံးတွက်အရေးပါသော လှိုင်းဂရက်ရိုက်ခတ်မှုရှိသည်။ ရိုဟင်ဂျာများအပေါ် ဖိစီးနှိပ်စက်မှုသည် မြန်မာပြည်မှ အိမ်နီး ချင်းနိုင်ငံများသို့ထွက်ပြေသိမ်းရှောင်မှုစသည့်ထိခိုက်စေမှုများရှိသည်။
ထို့ကြောင့် ASEAN မှ-

- မြန်မာအစိုးရအပေါ် နှစ်ဦးနှစ်ဖက်ဆက်ဆံရေးများ၊ ASEAN အဖွဲ့ဝင်များနှင့် နိုင်ငံတကာမှလူနည်းစုများအပေါ် အကြမ်းဖက်မှုဖြေရှင်းဖို့ရန်တရားမျှတပြီးပွင့်လင်းမြင်သာမှုရှိသောတာဝန်ခံမှုနည်းလမ်းများထူထောင်ရန်ဆွေးနွေးပွဲများနှင့်ခွဲခြားဆက်ဆံမှုရှိသောဥပဒေနှင့်လက်တွေ့ကျင့်သုံးမှုများပြုပြင်တည်ဆောက်မှုများမှတစ်ဆင့်တိုက်တွန်းရန်။
- မြန်မာနိုင်ငံအတွင်း မူဆလင်အကြမ်းဖက်မှုအပေါ်လွတ်လပ်သောနိုင်ငံတကာမှစုံစမ်းမေးမြန်းမှုအတွက်တိုက်တွန်းဖို့ရန်အတွက် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာကောင်စီအပါအဝင် ဒေသနှင့်နိုင်ငံတကာဆိုင်ရာအဖွဲ့များကိုအသုံးပြုရန်။
- မြန်မာနိုင်ငံမှ ထွက်ပြေးတိမ်းရှောင်လာသောရိုဟင်ဂျာများနှင့်အခြားသူများအားကာကွယ်ပေးရန်နှင့်အကယ်၍ ပြည်သူများအကြမ်းဖက်မှုနှင့် ဖိစီးနှိပ်စက်မှုနှင့် ရင်ဆိုင်ရမည်ဆိုလျှင် ပြည်သူများအားမြန်မာပြည်သို့ပြန်ပို့ခြင်းမပြုလုပ်ရန်စသည့်ဒုက္ခသည်များဆိုင်ရာနိုင်ငံကာဥပဒေကိုလိုက်နာရန်။

**အစီရင်ခံစာအပြည့်အစုံ ဖတ်ရှုရန်:**
physiciansforhumanrights.org/burma-violence-2013

Physicians for Human Rights

ကျန်းမာရေးပညာရှင်များအနေဖြင့် ၎င်းတို့၏ကျွမ်းကျင်မှုအရည်အချင်းများ၊ ကျင့်ထုံးတာဝန်များနှင့် ယုံကြည်စိတ်ချရသောသဘောထားများသည် လူ့အခွင့်အရေး ချိုးဖောက်မှုများကိုရပ်တံ့ရန် ကြိုးပမ်းရာ၌အရေးပါသည့်နေရာတို့တွင်ရှိနေကြသည်ဆိုသောခံယူချက်အပေါ်တွင်အခြေခံပြီး၁၉၈၆ခုနှစ်တွင်လူ့အခွင့်အရေးဆိုင်ရာဆရာဝန်များအဖွဲ့ကိုဖွဲ့စည်းတည်ထောင်ခဲ့ခြင်း ဖြစ်သည်။ ယနေ့တွင်ကျွန်ုပ်တို့အဖွဲ့အစည်း၏ ကျွမ်းကျင်မှုတို့ကို အစိုးရများ၊ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းများ၊နိုင်ငံတကာနှင့်ပြည်တွင်းတရားရုံးများအပြင်အခြားလူ့အခွင့်အရေးဆိုင်ရာအဖွဲ့အစည်းများမှတောင်းခံရယူနေကြပြီဖြစ်သည်။ ကျွန်ုပ်တို့စုံစမ်းစစ်ဆေးချက်များ၏အစွမ်းကြောင့်ကျွန်ုပ်တို့၏ခေတ်ကာလတွင်အဆိုးဝါးဆုံးသောလူ့အခွင့်အရေးချိုးဖောက်မှုများကိုဆုံးခန်းတိုင်အောင်ပို့ဆောင်ရန်လိုအပ်သောသတင်းအချက်အလက်တို့ကိုဖော်ထုတ်တင်ဆက်နိုင်ပြီးပြောင်းလဲမှုဖြစ်ပေါ်လာစေရန်ဖိအားပေးနိုင် စွမ်းရှိပေသည်။



Nobel Peace Prize Co-laureate 1997